နိုဝင်ဘာလ 7 ရက်၊ 2024

## 11ကြိမ်မြောက် နှစ်စဉ်ပွဲတော်တွင် Education's Finest အား ဂုဏ်ပြုချီးမြှင့်ခဲ့သည့် DeKalb ကောင်တီ

DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) သည် နိုဝင်ဘာလ 2 ရက်နေ့၌ Georgia World Congress Center တွင် စီစဉ်ကျင်းပခဲ့သော *11 ကြိမ်မြောက် နှစ်စဉ် ပညာရေးဆိုင်ရာ အကောင်းဆုံး အကယ်ဒမီဆုပွဲတော်* အတွင်း ၎င်း၏ အထူးချွန်ဆုံးသော ပညာရေးဝန်ထမ်းများ နှင့် ထောက်ပံ့ရေးအကူ ဝန်ထမ်းများတို့အား ဂုဏ်ပြုချီးမြှင့်ခဲ့ပါသည်။

ဤပွဲတော်သည် တစ်နှစ်တာအတွင်း အကောင်းဆုံးသော စာသင်ကျောင်းအဆင့် ဝန်ထမ်းများ အားလုံးအား ၎င်းတို့၏ အသိအမှတ်ပြုရလောက်သော ထည့်ဝင်ဆောင်ရွက်မှုများအတွက် ချီးကျူးဂုဏ်ပြုပေးခြင်း ဖြစ်ပြီး၊ ပွဲတော်၏ အထွတ်အထိပ်အရောက်ဆုံး အချိန်မှာ ခရိုင်တစ်ဝှမ်း တမူထူးချွန်သော အနိုင်ရရှိသူ ငါးဦးအား ထုတ်ပြန်ကြေငြာသည့် အချိန်ပင် ဖြစ်သည်။ ဤတမူထူးချွန်လှသော ခေါင်းဆောင်များမှာ -

- **တစ်နှစ်တာ ထူးချွန် ဆရာ**
  Latalia Robbins ၊ *Smoke Rise မူလတန်းကျောင်း*
- **တစ်နှစ်တာ အကောင်းဆုံး ကျောင်းအုပ်**
  Dr. Susan Stoddard ၊ *Lakeside အထက်တန်းကျောင်း*
- **တစ်နှစ်တာ အကောင်းဆုံး ပညာရေး ထောက်ပံ့အကူ ကျွမ်းကျင်ပညာရှင် I**
  Nicole Jones ၊ *John R. Lewis မူလတန်းကျောင်း*
- **တစ်နှစ်တာ အကောင်းဆုံး ပညာရေး ထောက်ပံ့အကူ ကျွမ်းကျင်ပညာရှင် II**
  Tera Reid ၊ *Eagle Woods Academy အကယ်ဒမီကျောင်း*
- **တစ်နှစ်တာ အကောင်းဆုံး ခရိုင်ရုံးခန်းဆိုင်ရာ ပညာရေး ထောက်ပံ့အကူ ကျွမ်းကျင်ပညာရှင်**
  John "Q" Kegler ၊ *ဆက်သွယ်ဆောင်ရွက်မှုများဆိုင်ရာ ဌာန*

ကြီးကြပ်သူဌာနမှူး Dr. Devon Q. Horton သည် ဤဂုဏ်ပြုချီးမြှင့်ခံရသူများနှင့် ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များတို့အား ပြီးခဲ့သည့်နှစ်တစ်လျှောက် ခရိုင်အနေနှင့် လုပ်ဆောင်နိုင်ခဲ့သော သိသာထင်ရှားသည့် စွမ်းဆောင်ချက်များအတွက် ၎င်းတို့အား ချီးကျူးခဲ့သည်။

"ပြီးခဲ့တဲ့ စာသင်နှစ်တစ်လျှောက် ခရိုင်အနေနဲ့ အောင်မြင်လုပ်ဆောင်နိုင်ခဲ့တဲ့ အရာတွေကို ပြန်ပြောင်းဆန်းစစ်ကြည့်ရမယ်ဆိုရင် ဆရာ၊ဆရာမ တစ်ဦးချင်း၊ စာသင်ကျောင်း တစ်ကျောင်းချင်း၊ ဇရိယာတစ်ခုချင်း၊ ဒါ့အပြင် ခရိုင်တစ်ခုလုံးရဲ့ စုပေါင်းလုပ်ဆောင်မှု အစရှိတာတွေရဲ့ အောင်မြင်မှုကို အဆက်မပြတ် တွေ့ ရှိရမှာပါ၊" ဟု Dr. Horton မှ ဆိုသည်။

"ပေါင်းစည်းလုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့ဟာဆိုရင် K-12 အတွက် သိသာထင်ရှားတဲ့ လှုပ်ရှားမှုအချို့ နဲ့ သိသာထင်ရှားတဲ့ အသံတွေကို ပြုလုပ်နိုင်ခဲ့ကြပြီး၊ ဒါတွေဟာဆိုရင် ဒီအခန်းထဲမှာ ထိုင်နေကြတဲ့ တစ်ဦးချင်းစီကြောင့်သာ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်၊" ဟု Dr. Horton မှ ထပ်ပေါင်းပြောကြားခဲ့သည်။ "သင်တို့ ဆောင်ရွက်ပေးခဲ့တဲ့ အရာတွေအားလုံးအတွက် တကယ်ကို ကျေးဇူးတင်ပါတယ်။"

ဤနှစ်စဉ်ပွဲတော်သည် DCSD ပညာရေးဝန်ထမ်းများ နှင့် ထောက်ပံ့ရေးအကူ ဝန်ထမ်းများတို့၏ ကြိုးစားအားထုတ်မှု၊ နှစ်မြှုပ်မှု နှင့် အောင်မြင်မှုတို့ကို ဆင်နွှဲဂုဏ်ပြုသည့်ပွဲတော် ဖြစ်သည်။ တီထွင်ဆန်းသစ်မှုရှိသည့် သင်ကြားမှုနည်းလမ်းများကို မိတ်ဆက်ဆောင်ရွက်ပေးခြင်းမှစ၍ တမူထူးခြားသော ခေါင်းဆောင်မှု နှင့် ကန့်လန့်ကာ နောက်ကွယ် ပံ့ပိုးမှုများတို့ကို ထောက်ပံ့ပေးခြင်းအထိ ဤပုဂ္ဂိုလ်များတို့သည် အရည်အသွေးမြင့်မားသော ပညာရေးအား ပံ့ပိုးထောက်ပံ့ပေးရန်ဟူသည့် DCSD ၏ တာဝန်ခံယူချက်အပေါ် ကြီးစွာသော သက်ရောက်မှုများ ပြုလုပ်ပေးနိုင်ခဲ့ကြသူများ ဖြစ်သည်။

*11 ကြိမ်မြောက် နှစ်စဉ် ပညာရေးဆိုင်ရာ အကောင်းဆုံး အကယ်ဒမီဆုပွဲတော်* အား Coca-Cola ၊ Georgia United Credit Union ၊ Herff Jones ၊ Lincoln Investment ၊ Lowe&CO နှင့် Voya တို့မှ ကမကထပြု စပွန်ဆာထောက်ပံ့ပေးထားခြင်း ဖြစ်သည်။

2024-25 ၏ တစ်နှစ်တာအကောင်းဆုံးသော စာသင်ကျောင်းအဆင့် ဝန်ထမ်းများ အားလုံး၏ စာရင်းအပြည့်အစုံအား ကြည့်ရှုလိုပါက အောက်တွင် ကြည့်ရှုနိုင်ပါသည်။

*11ကြိမ်မြောက် နှစ်စဉ် ပညာရေးဆိုင်ရာ အကောင်းဆုံး အကယ်ဒမီဆုပွဲတော်* မှ ရုပ်ပုံများအား ကြည့်ရှုလိုပါက - https://flic.kr/s/aHBqjBQTP5.

ပွဲအခမ်းအနား၏ ဗီဒီယိုအား ကြည့်ရှုလိုပါက - https://www.youtube.com/watch?v=P4eEn9YicpA